# ကျုံတနီးကျေးရွာ

# ပန်းတနော်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

# မှတ်တမ်းစာအုပ်(၂၀၂၃-၂၀၂၇)



(ပြုစုရေးဆွဲသူ)

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ကျုံတနီးကျေးရွာ၊ ပန်းတနော်မြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ
ကူညီရေးဆွဲသည်။)

၂၀၂၃ခုနှစ်၊ ဩဂုတ် လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | |
| | **ကျုံတနီးကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ရာသီခွန်ပြပုံ၊ အဖွဲ့အစည်း ပြပုံ၊ ပန်းတနော်မြို့** | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | |
| ၂။ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ** | |
| | (က) သီးနှံ စိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာ မီးလင်းရေး | |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၆။ | **ပညာရေး** | |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | |
| ၈။ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| ၉။ | **ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |
| | နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | နောက်ဆက်တွဲ(၄) နှစ်အလိုက်စီမံချက်များစာရင်း | |
| | နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁) | |


**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျုံတနီးကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံး သောကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များ နှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ် ဆောင်ရွက် ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာ တွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ် များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီး ဌာန များနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွား ရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့

မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုး ရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဩဂုတ် လ၊ ၂၀၂၃ ခုနှစ်
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ကျုံတနီးကျေးရွာ
ပန်းတနော်မြို့နယ်


အိုးကို ကျေးရွာအုပ်စု၊ ကျုံတနိုး ကျေးရွာပြ မြေပုံ
လယ်ကွင်း
လယ်ကွင်း
မြောက်
အနောက်
အရှေ့
တောင်
၁ လမ်း
၂ အိမ်
၃ ကျောင်း
၄ လယ်
၆ တံတား


အိုးဘို အုပ်စု ကျုံတရိုး ကျေးရွာ ရာသီဥတုပြ ပြက္ခဒိန်
စဉ်
အကြောင်းအရာ
တန်ခူး
ကဆုန်
နယုန်
ဝါဆို
ဝါခေါင်
တော်သလင်း
သီတင်းကျွတ်
တန်ဆောင်မုန်း
နတ်တော်
ပြာသို
တပို့တွဲ
တပေါင်း
၁. ရာသီဥတု
၂. အလုပ်အကိုင်
ငရုတ်
စပါး
ပဲ
နွေစပါး
၃. သဘာဝဘေး
၄. ပွဲတော်
၅. တုပ်ကွေး
သွေးလွန်တုပ်ကွေး
၆. အခြားသီးနှံ
ငရုတ်
၇. ဝင်ငွေ
၈. အစာဖူလုံ
၉. အလုပ်ရှုပ်အားလ


အိုးဘိုကျေးရွာ အုပ်စု ကျုံတရီး ကျေးရွာ၏ ဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့အစည်းများ တည်ရှိမှုပုံ
အုပ်ချုပ်ရေးအဖွဲ့
လူငယ်အဖွဲ့
ပရဟိတ အဖွဲ့
အမျိုးသမီး အဖွဲ့
ပညာရေး
ကျန်းမာရေး
ကျေးလက် ဦးစီးဌာန

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပန်းတနော်မြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်း ဒေသကြီး၊ မအူပင်ခရိုင်တွင် တည်ရှိပါသည်။ ပန်းတနော်မြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ်နှင့် ၁၇ဒီဂရီ ၂၃ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၈ မိနစ်နှင့် ၉၅ ဒီဂရီ ၅၃ မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၄၉၈.၅၂) စတုရန်း မိုင်ကျယ်ဝန်း ပါသည်။ အရှေ့မှ အနောက်သို့(၁၇)မိုင်ရှိပြီး တောင်မှမြောက်သို့ (၂၇)မိုင် ရှည်လျားပါသည်။

ပန်းတနော်မြို့နယ်သည် အရှေ့ဘက်တွင် ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့ နယ်၊ အနောက်ဘက်တွင် အိမ်မဲမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်၊ တောင်ဘက်တွင် ဝါးခယ်မ မြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ် လျှက်ရှိပါ သည်။

ကျုံတနီးကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ အိုးဘို ကျေးရွာအုပ်စုတွင်ပါဝင်ပါသည်။ ပန်းတနော်မြို့နယ်နှင့်(၁၃)မိုင်ကွာဝေးပါသည်။ ပတ်ဝန်း ကျင် ကျေးရွာများမှာ ချောင်းဖျားကြီးကျေးရွာ၊ ဘုရားစုကျေးရွာ၊ ကပိုင်ချောင်းဖျားလေးကျေးရွာတို့ ဖြစ်ပါသည်။ ကျုံတနီးကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်း အဓိကလုပ်ကိုင်သော ဒေသတစ်ခု လည်း ဖြစ်သည်။ အခြားလုပ်ငန်းများကိုလည်း အနည်းငယ်လုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပန်းတနော်မြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှု များသော ဒေသဖြစ်ပါသည်။ ပန်းတနော်မြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံး အပူချိန် ၂၉.၂၂°C ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၂၃.၉၇°C ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှ မိုးရွာရက် (၁၀၈) ရက်ရှိပြီး ပျမ်းမျှ မိုးရေချိန်မှာ (၈၈.၁၉) လက်မ ဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်းသောလမှာ ဇူလိုင်လနှင့် ဩဂုတ်လများ ဖြစ်ပါသည်။

ကျုံတနီးကျေးရွာတွင် ဓါတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမှာ သဲကို ချောင်းတွင် ထုတ်ယူရရှိပါသည်။ ဆေးဖက်ဝင် အပင်များဖြစ်သည့် ဘုန်းမသိမ်၊ လောက်သေ၊ မွေးကိုင်း၊ ဆင်တုံးမနွယ်၊ ကြိတ်မှန်ရွက်၊ ကြောင်ပန်းရွက်နှင့် ပင်စိမ်း တို့ပေါက်ရောက်သော ကြောင့် ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင်အပင်များ ပေါက်ရောက်သည့် ဒေသတစ်ခုလည်းဖြစ်ပါသည်။ ကိုင်းမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီ

အသင့်အတင့်ကောင်းမွန်သည်။ တောင်သူအားလုံးမှာ ချောင်းရေနှင့် အဝီစိတွင်းရေဖြင့် လယ်မြေကေ(၁၃၀)ခန့်ကိုသာ ရေသွင်းစိုက်ပျိုးနိုင်ကြသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုဗဟိုပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့(ကျား-၇ ဦး) လမ်းကော်မတီအဖွဲ့(ကျား-၅ ဦး၊ မ-၄ ဦး)၊ လူငယ်အဖွဲ့ (ကျား-၆၈ ဦး)၊ ရပ်မိရပ်ဖအဖွဲ့ ကျား-၆)ဦး၊ လူငယ်အဖွဲ့(ကျား-၁၁)ဦး၊ အမျိုးသမီးအဖွဲ့(မ-၁၇ ဦး) နှင့် ကျေးရွာပရဟိတ သာရေး၊ နာရေးအတွက်နှင့်လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်ကြပါသည်။ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

## (က) သီးနှံ စိုက်ပျိုးရေး

ကျုံတနီးကျေးရွာတွင် မြေယာမဲ့(၆၅)အိမ်ထောင်စု၊ (၂.၅)ကေအောက်(၈)အိမ်ထောင်စု၊ (၂.၅)ကေ မှ(၅)ကေကြားရှိ တောင်သူငယ်(၆)အိမ်ထောင်စု၊ (၅)ကေမှ (၁၂.၅)ကေကြားရှိ တောင်သူလတ် (၇)အိမ်ထောင်စု၊ (၁၂.၅)ကေ အထက်ရှိ တောင်သူကြီး (၂)အိမ်ထောင်စု စသည်တို့ ရှိကြသည်။ အဓိအားဖြင့် စပါး၊ ငရုပ်နှင့်ပဲများကို အဓိကထား စိုက်ပျိုးကြပါသည်။ စုစုပေါင်း(၁၃၄ ကေ)ရှိပါသည်။ မြေယာမဲ့ အိမ်ထောင်စု(၆၅) စုနှင့် မြေယာရှိ(၂)အိမ်ထောင်စုပေါင်း(၆၇)အိမ်ထောင်စုသည် ကိုယ်ပိုင်လုပ်ငန်းအရောင်းအဝယ်(၁)အိမ်ထောင်စုနှင့် နေ့စား/ကျပန်း(၄၆)အိမ်ထောင်စု၊ ပြည်ပသွားရောက်လုပ်ကိုင်သူ(၁၁)အိမ်ထောင်စုနှင့် အလုပ်သမားဝန်ထမ်း(၉)အိမ်ထောင်စုအဖြစ်လုပ်ကိုင်စား သောက်ကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ ချောင်းရေနှင့် အဝီစိတွင်းမှရရှိသော ရေကိုအဓိက အသုံးပြု၍ စိုက်ပျိုးရေးလုပ်ကိုင်ကြပြီး ချောင်းရေနှင့်အဝိစိတွင်းနှင့် ဝေးကွာသည့်ကိုင်းမြေ ကေများတွင် ရေလုံလောက်စွာမရရှိသဖြင့် သီးနှံအထွက်နှုန်းမှာ(၅၀)ရာခိုင်နှုန်းလောက်သာ ရရှိပါသည်။ ကျေးရွာရှိစိုက်ပျိုးတောင်သူများတွင် တစ်ဦးချင်းပိုင်လက်တွန်းထွန်စက်(၁၄)စီး၊ ရိတ်သိမ်းခြွေလှေ့စက်(၁)စီး၊ ရိတ်စက်(၁)စီး၊ ရေစုပ်စက်(၂၁)လုံးရှိပြီး ငှားရမ်းလုပ်ကိုင်ကြသော တောင်သူများ လည်းရှိပါသည်။

ခါတ်မြေသြဇာနှင့် အခြားဓာတုဗေဒပိုးသတ်ဆေးသီးနှံမျိုးစေ့များ ကိုလည်း ပန်းတနော်ဈေးတွင် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့်ဝန်ဆောင်မှုတွင် တောင်သူ ကိုယ်တိုင်သော်လည်းကောင်း၊ ကုန်သည်ပွဲစားများမှတဆင့်သော်လည်းကောင်း၊ ရောင်းချနိုင် ကြပါသည်။ မိုးတွင်း ကာလတွင်ရေနက်တွင်းကိုင်းမြေများဖြစ်သဖြင့် စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်နိုင်ကြခြင်း မရှိပါ။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် ဝက်မွေးမြူထားသည့် အိမ်ထောင်စုမှာအများစုမှာ(၁) အိမ်ထောင်စု ရှိပြီး ဝက်ကောင်ရေ (၂)ကောင်၊ ကြက်မွေးမြူထားသည့် အိမ်ထောင်စု (၁၇)အိမ်ရှိပြီး ကြက်ကောင်ရေ (၁၁၅)ကောင်၊ ဘဲမွေးမြူထားသည့် အိမ်ထောင်စုမှာ(၅) အိမ်ထောင်စုရှိ ပြီး ဘဲကောင်ရေ (၇၂) ကောင်တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပါတ်သတ်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဂန်ဆောင်မှုများမရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပါတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်း ကြပါသည်။

**(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျုံတနီးကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများမှာ ဈေးဆိုင်၊ အရောင်းအဝယ်၊ပန်းရံ-လက်သမား၊ ခေါင်းရွက်ဗျက်ထိုး၊ ဆိုင်ကယ်တက်စီအငှားလိုက် အစရှိသည့်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ နေ့စားအလုပ်လုပ်ကိုင်သူများ**ထဲတွင်** ပန်းရံ-လက်သမားအလုပ်သမားများပါဝင်ကြပါသည်။ တစ်နေ့လျှင် လုပ်အားခ ကျား(၇၀၀၀) ကျပ်၊ မ(၅၀၀၀) ကျပ်ရရှိပါသည်။ ကျေးရွာတွင်စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များ သည် အသက်မွေးဂမ်း ကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဂန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော အတက်ပညာများ ကျွမ်းကျင်စွာတက်မြောက်မှုမရှိ ခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။ လယ်ယာသား၊ ငါးထွက်ကုန် ဈေးကွက် ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ငွေချေးရန် အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီးဌာနဖြစ်ပါသည်။ မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ကေလျှင် (၁၅၀၀၀၀) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးငွေမှာ (၁၅၀၀၀၀၀) ကျပ် ဖြစ်သည်။ အတိုးနှုန်းမှာ (၁)မှ(၂)ကျပ်နှုန်း ဖြစ်ပြီး လတိုး ဖြစ်သည်။ ထုတ်ချေးသည့် ကာလမှာ (၇) လဖြစ်သည်။ လယ်သမားများ အနေဖြင့် လုံလောက်သော ချေးငွေ

ပမာဏအား နှစ်ရှည် (အနည်းဆုံး ၃ နှစ်) ထုတ်ချေးပေးမည် ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည် ဖြစ်ပေသည်။

သမဝါယမ အဖွဲ့မှ ငွေထုတ်ချေးသည့် အစီအစဉ်မှာ အဖွဲ့ဝင်ဖြစ်လျှင် ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန်(၅၀၀၀)ကျပ်စုရသည်။ စိုက်ပျိုးရေးနှင့် ကျပန်းဟူ၍ ငွေထုတ်ချေးသည့်ပုံစံ(၂)မျိုးရှိသည်။ အတိုးနှုန်းလည်းမတူပါ။ ချေးငွေ ပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ် (၁၀၀၀၀၀) ကျပ် ထုတ်ချေးနိုင်ပါသည်။

စထာပါနာငွေကြေးဝန်ဆောင်မှု အနေဖြင့် ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ (၄)နှစ်ခန့်ရှိပြီဖြစ်ပါသည်။ စိုက်ပျိုးရေးချေးငွေနှင့် ကျပန်းများအား ချေးငွေဟူ၍(၂)မျိုးရှိသည်။ စိုက်ပျိုးရေးချေးငွေမှာ ပထမနှစ်တွင်(၅၀၀၀၀၀) ကျပ်ဖြစ်ပြီး ရိုးရိုးချေးငွေမှာ(၂၀၀၀၀)ကျပ်ဖြစ်သည်။ စိုက်ပျိုးရေးချေးငွေရရှိရန် ပုံစံ(၇) လိုအပ်သည်။ သို့ရာတွင်ကျပန်းမိသားစုများအနေဖြင့် ငွေချေးရန် အခက်အခဲရှိနေပါသည်။ အဘယ်ကြောင့်ဆိုသော် ပြန်လည်ပေးဆပ်သည့်ပုံစံမှာ တစ်လလျှင် တစ်ကြိမ်ပြန်လည် ပေးဆပ်ရခြင်း၊ ပုံမှန်ဝင်ငွေရလုပ်ငန်းများမရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်းပညာ များ မရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ရန်ကုန်-ပုသိမ်ကားလမ်းမှ ကျုံတနီးကျေးရွာသို့(၅)မိုင် အတိုင်းအတာရှိသော ကျေးရွာချင်းဆက်လမ်းရှိပြီး ကျုံတနီးကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်ရေကြောင်းနှင့် ကုန်းလမ်းနှစ်ခုစလုံးကိုအသုံးပြုနိုင်ပါသည်။ ရေလမ်းကို မိုးတွင်းကာလတွင် အသုံးပြုနိုင်ပြီး ကုန်းလမ်းကို တစ်နှစ်ပတ်လုံးအသုံးပြုနိုင်ပါသည်။ အသုံးပြုသောယာဉ်များမှာ လှေ(၆)စီး၊ စက်လှေ (၄)စီး၊ စက်ဘီး(၄၂)စီး၊ ဆိုင်ကယ်(၃၂)စီး၊ ထော်လာဂျီ(၃)စီးနှင့် ကား(၁) စီးရှိပါ သည်။

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ကျေးရွာလူထုမှ ကိုယ်တိုင် ပြုပြင်ခြင်းများဖြင့် အဆင်ပြေစွာသွားလာနိုင်အောင် ဆောင်ရွက်ခဲ့ရပါသည်။ မြေသားလမ်းများမှာ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီးဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရအဆင်မပြေမှုများရှိခဲ့ပါသည် ။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာမီးအလင်းရောင်အတွက် လျှပ်စစ်မီးကိုအသုံးပြုပါသည်။ ဒီဇင်အင်ဂျင်သုံး အိမ်ထောင်စု(၂)စုအပါအဝင် လျှပ်စစ်မီးအသုံးပြုသောအိမ်ထောင်စု(၄၄)စုရှိပြီး ကျန်အိမ်ထောင်စု ဖယောင်းတိုင်နှင့် အားသွင်းမီးသီးများကိုသာသုံးစွဲကြပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကျုံတနီးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း**(၁၀၀)**လုံး၊

ရေဒီယို(၈)လုံး၊ တီဗွီ (၃၆)လုံး၊ ဂြိုလ်တုစလောင်း (၂၄)လုံး စသည်တို့မှ ရရှိသည့်အပြင် **Ooredoo, MPT, Mytel, Telenor** ဖုန်းလိုင်းများရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပေ။

## ၆။ ပညာရေး

ကျုံတနီးကျေးရွာရှိတွင် အခြေခံပညာမူလတန်းကျောင်းရှိ၍ ကျောင်းသား/ ကျောင်းသူများ ပညာသင်ကြားနေပြီး အဆိုပါကျောင်းဆောင်မှာ (၆၀'x၃၀') တစ်ထပ် အုတ်ကျောင်း ဖြစ်ပြီး အရည်အသွေးကောင်းမွန်ပါသည်။ ကျောင်းအုပ်ဆရာမကြီး(၁)ဦး၊ လက်ထောက်ဆရာ၊ ဆရာမ(၅)ဦးရှိပါသည်။ ဆရာတပည့်အချိုးအားဖြင့်(၄၀;၁)အောက် ဖြစ်ပါသည်။ ကျောင်းတွင် အခန်းများခွဲထားပါသည်။ အခြေခံပညာမူလတန်းကျောင်းသူ/သား အခြားကျေးရွာမှ(၃၁)ဦးနှင့် ကျုံတနီးမှ(၂၆)ဦးစုစုပေါင်း(၅၇)ဦးရှိပါသည်။ မူကြိုကျောင်းသား/ကျောင်းသူ(၁၁)ဦးရှိပါသည်။ သောက်သုံးရေကို ကျောင်းဝင်းအတွင်းရှိ လက်နှိပ်တုံကင်မှ ခပ်ယူသုံးစွဲပါသည်။ (၂)ခန်းတွဲ အိမ်သာ(၂)လုံးကလည်း ကျောင်းသူ/ကျောင်းသားများအတွက် လုံလောက်မှုရှိပါသည်။ ထိုင်ခုံနှင့် စာရေးခုံများလိုအပ်ချက်ရှိပါသည်။

ကျေးရွာတွင် မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၆၀) ရာခိုင်နှုန်းရှိပြီး အလယ်တန်းအဆင့် စာတတ်မြောက်သူဦးရေ (၂၀) ရာခိုင်နှုန်းနှင့် အထက်တန်းဆင့် စာတတ်မြောက် သူဦးရေ (၁၀)ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတက်မြောက်မှုနှုန်း မှာ(၅)ရာခိုင်နှုန်း တို့ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

## ၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက **(၃)**မိုင်ခွဲအတွင်း ကွာဝေးသော ချောင်းကလေး တိုက်နယ်ဆေးရုံတွင်အဓိကထား၍ သွားရောက်ပြသပါသည်။ ချောင်းကလေးတိုက်နယ်ဆေးရုံ တွင် ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိပါသည်။ အသေးစား ကျန်းမာရေးနှင့် ဆိုင်သော ဆေးဝါးများကို ကျုံတနီးကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များတွင် ရရှိနိုင်ပြီး အကြီးစား ကျန်းမာရေးအတွက်က ပန်းတနော်ကျေးရွာရှိ ဆေးဆိုင်တွင်ရနိုင်ပါသည်။ အရေးပေါ်ကိစ္စရပ်များအတွက်ကိုမူ ပန်းတနော်မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက် ပြသကြပါသည်။

ချောင်းရေနှင့် လက်နှိပ်တုံကင်စက်တပ်(၃၂)တွင်းရှိခြင်းကြောင့် သောက်သုံးရေ အတွက် လုံလောက်မှုရှိသော်လည်း ရေအရည်အသွေးမှာ အနည်းငယ်ညံ့ပါသည်။ ယင်လုံအိမ်သာ

သုံးစွဲသော အိမ်ထောင်စုမှာ (၈၂)အိမ်၊ ရေဆွဲအိမ်သာအသုံးပြုသူ(၃)အိမ်ရှိပါသည်။ တောတိုးသူတွင်းမရှိ၊ အိမ်သာမရှိသူမရှိခြင်းထို့ကြောင့် ကျန်းမာသန့်ရှင်းရေးနှင့် ကိုက်ညီမှုရှိပါသည်။

## ၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျုံတနီးကျေးရွာတွင် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လုပ်စား၊ ကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘောဝဘေးနှင့် စားနပ်ရိက္ခာများ မဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

ကျုံတနီးကျေးရွာတွင် သဘာဝဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရိစ္ဆာန် မျိုးစိတ်များ အနည်းငယ်ရှိပြီး အိမ်ထောင်စုများမှစားသုံးရန် ထမင်းဟင်းများချက်ပြုတ်ရန် ထင်းများခုတ်ယူသုံးစွဲသဖြင့် သစ်တောပြုန်းတီးမှုအနည်းငယ်ရှိလာပါသည်။ မိုးရာသီတွင် ငှက်ဖျား ရောဂါဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။

## ၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျုံတနီးကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးမှာ အမျိုးသားဦးရေ ထက်များပါသည်။ ကောက်စိုက်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၅၀၀၀)ကျပ်ခန့်ရရှိကြသည်။ ကောက်ရိတ်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင်(၅၀၀၀)ကျပ်ခန့်ရရှိကြပါသည်။ နေ့စားအလုပ်လုပ်ကိုင်သူများမှာ ဈေးဆိုင်ဝန်ထမ်း၊ ပန်းရံ-လက်သမား အလုပ်သမားများအဖြစ်သွားရောက်လုပ်ကိုင်ကြသည်။ လယ်ယာနှင့် ပန်းရံ-လက်သမားများ တစ်နေ့လျှင်လုပ်အားခ ကျား(၇၀၀၀)ကျပ်၊ မ(၅၀၀၀)ကျပ်ရရှိပါသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသမီးနှင့်အမျိုးသားဦးရေညီမျှပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးရေးရာ အဖွဲ့တို့တွင် အမျိုးသမီးများသာလျှင် ဦးဆောင်ပါဝင် ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။

## ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ဦးစားပေး ဆောင်ရွက်မည့် အဆိုပြုစီမံချက် လုပ်ငန်းများ

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ဦးစားပေး အဆင့် | အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ကျုံတနီး | လမ်း/တံတား | ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း | ၁ | ကျေးလက်ဦးစီး/ကျေးရွာ | |
| ၂ | ကျုံတနီး | လမ်း/တံတား | ရွာချင်းဆက်တံတားတည်ဆောက်ခြင်း(ကျုံတနီး-ချောင်းဖျားကြီး) | ၂ | ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီး/ကျေးရွာ | |
| ၃ | ကျုံတနီး | အခြေခံအဆောက်အဦ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၃ | ကျေးရွာ | |
| ၄ | ကျုံတနီး | ပညာရေး | ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်ခြင်း | ၄ | ပညာရေး/ကျေးရွာ | |
| ၅ | ကျုံတနီး | ရေရရှိရေး | တွင်းနက်တူးဖော်ခြင်း | ၅ | **ကျေးလက်ဦးစီး/ကျေးရွာ** | |
| ၆ | ကျုံတနီး | ရေရရှိရေး | ချောင်းရိုးတူးဖော်ခြင်း | ၆ | **ဆည်မြောင်းဦးစီး/ကျေးရွာ** | |
| ၇ | ကျုံတနီး | အခြေခံအဆောက်အဦ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၇ | **ကျေးရွာ** | |
| ၈ | ကျုံတနီး | ကျန်းမာရေး | မော်တော်ကားဝယ်ယူခြင်း | ၈ | **ကျေးရွာ** | |
| ၉ | ကျုံတနီး | ကျန်းမာရေး | ကျေးလက်ကျန်းမာရေးဌာနခွဲတည်ဆောက်ခြင်း | ၉ | ကျန်းမာရေးဦးစီးဌာန/ကျေးရွာ | |

**နောက်ဆက်တွဲ (၁)**

## အိုးဘိုကျေးရွာအုပ်စု၊ ကျုံတနီးကျေးရွာ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသန်းမင်းကြွယ် | ဦးကြည်ဒွေး | ၁၄/ပတန(နိုင်)၁၄၀၉၅၉ | ၄၂ | ဥက္ကဋ္ဌ | ၀၉-၆၉၅၉၂၄၄၇၂ |
| ၂ | ဦးထွန်းထွန်း | ဦးခင်ညိမ်း | ၁၄/ပတန(နိုင်)၁၄၆၂၁၆ | ၄၃ | အဖွဲ့ဝင် | ၀၉-၆၉၃၈၂၁၄၃၄ |
| ၃ | ဦးစိုးသူ | ဦးလှသိန်း | ၁၄/ပတန(နိုင်)၁၅၃၀၁၆ | ၃၆ | အဖွဲ့ဝင် | ၀၉-၉၆၉၉၉၀၇၈၁ |
| ၄ | ဦးသိန်းဆွေမြင့် | ဦးသိန်းညာဏ် | ၁၄/ပတန(နိုင်)၁၅၇၄၈၃ | ၃၅ | အဖွဲ့ဝင် | ၀၉-၆၈၄၆၄၆၉၇၈ |
| ၅ | ဒေါ်တင်စန်း | ဦးလှသိန်း | ၁၄/ပတန(နိုင်)၁၂၈၅၅၉ | ၄၉ | အဖွဲ့ဝင် | ၀၉-၆၉၁၄၂၀၁၃၀ |
| ၆ | ဒေါ်ခင်ပြည့်ပြည့်ဝင်း | ဦးစိုးဝင်း | ၁၄/ပတန(နိုင်)၁၇၂၀၄၃ | ၄၀ | အဖွဲ့ဝင် | ၀၉-၆၈၉၂၀၉၁၉၅ |
| ၇ | ဒေါ်စန်းမွန်မွန်ဝင်း | ဦးဝင်းမြင့် | ၁၄/ပတန(နိုင်)၁၅၇၄၆၄ | ၃၅ | အဖွဲ့ဝင် | ၀၉-၆၈၈၇၉၈၃၃၁ |
| ၈ | ဒေါ်ပန်းသီရိလှိုင် | ဦးတင်လှိုင် | ၁၄/ပတန(နိုင်)၁၅၇၅၄၁ | ၃၆ | အဖွဲ့ဝင် | ၀၉-၆၆၉၃၂၄၄၃၅ |
| ၉ | ဦးရဲထက် | ဦးစန်းမောင် | ၁၄/ပတန(နိုင်)၁၅၂၉၆၂ | ၃၅ | အတွင်းရေးမှူး | ၀၉-၆၇၃၇၆၇၈၇၀ |

နောက်ဆက်တွဲ (၂)

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူအရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | - | ၁ | - | - |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၉ | ၁၇ | ၂၆ | - | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၀ | ၁၃ | ၂၃ | - | - |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၁ | ၁၀ | ၂၁ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၂၂ | ၁၁၉ | ၂၄၁ | - | - |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၀ | ၁၅ | ၂၅ | - | - |
| **စုစုပေါင်း** | | **၁၆၃** | **၁၇၄** | **၃၃၇** | **-** | **-** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၈၈** | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက်(၆၅)နှစ် မပြည့်မီ အရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက်(၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့် အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျုံတနီးကျေးရွာတွင် အိမ်ခြေ(၈၅)၊ အိမ်ဆောင်စုပေါင်း (၈၈)အိမ်ထောင်စုရှိပြီး ၎င်းအိမ်ထောင်စုလူဦးရေမှာ (၃၃၇)ဦးရှိပါသည်။ ၎င်းလူဦးရေတွင် ကျား(၁၆၃) ဦးရှိပြီး မဦးရေ(၁၇၄)ဦးရှိ ပါသည်။ ကျေးရွာတွင်း၌ အလုပ်လုပ်နိုင်သူဦးရေမှာ(၁၈၂)ဦးရေရှိပြီး ကျေးရွာ၏ စုစုပေါင်းလူဦးရေ၏ (၇၅%)ခန့်ရှိကာ မှီခိုသူဦးရေနည်းပါးပါသည်။ သက်ကြီးရွယ်အိုဦးရေမှာ ကျေးရွာ ရှိလူဦးရေ၏ (၄%)ခန့် သာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။**

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၁ | ၄၇ | ၁ | ၃၀ | ၁၇ | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၉ | ၂၂ | | ၁၂ | ၁၀ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | ၂၃ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၆ | ၂၆ | - | ၂၆ | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၃ | ၁ | ၂ | ၁ | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၂၀ | ၇၃ | ၆ | ၂၉ | ၄၄ | | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၁ | ၁၁ | - | ၉ | ၂ | | မြင့် ☐ လတ်☐ နိမ့် ✓ |
| | **စုစုပေါင်း** | **၈၈** | **၁၈၂** | **၈** | **၁၀၈** | **၇၄** | **၂၃** | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း** ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့် အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ဥပမာ -**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့် အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။။** ကျွန်တော်တို့ ကျုံတနီးကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု (၂၂)အိမ် မိသားစုဝင်လုပ်အား(၅၀)ဦးဖြင့် လုပ်ကိုင်ကြပါသည်။ ဝင်ငွေအားဖြင့် အသင့်အတင့်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းဖြစ်သော စပါးနှင့် ဧရာပ်အဓိကစိုက်ပျိုးပြီး ကျပန်းလုပ်ငန်းနှင့် ရာသီအလိုက် အခြားသီးနှံများလဲ စိုက်ပျိုးကြပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | | ၆၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်**(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ**×၈)

**လေ့လာတွေ့ရှိချက်။။** ကျွန်တော်တို့ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် နေ့စားဝင်ငွေရရှိမှု မှာ အများဆုံး (ကျပ်)ကျား(၇၀၀၀)မ(၅၀၀၀) အနည်းဆုံး (ကျပ်) ကျား(၆၀၀၀)နှင့် မ(၄၀၀၀)သာရရှိပါသည်။

**သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာအရည်အသွေး**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| **လယ်မြေ** | **၁၃၄** | ကောင်း ☐ သင့်✓ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၁၃၄ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

**လေ့လာတွေ့ရှိချက်။။** ကျွန်တော်တို့ ကျေးရွာတွင် လယ်မြေ(၁၃၄) **ဧကရှိပြီး မြေဆီလွှာအရေအသွေးမှာ အသင့်အတင့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။**

(ဂ–၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☑ နည်း ☐ မရှိ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – | များ ☐ သင့်☐ နည်း ☐ | လွယ် ☐ ခက်☐ | လျော့ ☐ တိုး ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **အပူပိုင်းသစ်တော** | မရှိ ☑ | အသုံးမပြုနိုင်ပါ ☑ | အပြောင်းအလဲမရှိ ☑ |
| **သစ်တော – ဒီရေတောများ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။။** ကျွန်တော်တို့ကျေးရွာတွင် ဓါတ်သတ္တုနှင့်သဘာဝအရင်းအမြစ်များ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၇ | ၂၈ | ၅၃ | |

**ရင်းမြစ် …** (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။။ ကျွန်တော်တို့ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု အနည်းငယ်သာရှိကြောင်း လေ့လာတွေ့ရှိရပြီး အိမ်ကြီးအိမ်ကောင်းများဖြစ်ပါသည်။ အလွန်အဆင်မပြေသောအိမ်ထောင်စုများတွင် မရှိပါကြောင်းလေ့လာတွေ့ ရှိရပါသည်။**

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | - | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = _________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = _________<br>လုပ်အားခကြိုယူ = _______ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၁၀ | ၁ | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = _________<br>အထောက်အပံ့ယူ = _________<br>ချေးယူ = ____ ၁၀_____<br>လုပ်အားခကြိုယူ = ___________ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = _________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = _________ |
| | ၁၀ | ၁ | |

ရင်းမြစ်..ဉစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။။ ကျွန်တော်တို့ ကျေးရွာ၏ ဝမ်းစာဖူလုံမှု စစ်တမ်း ကောက်ယူရာတွင် (၃)လနှင့်(၆)လကြား ဝမ်းစာဖူလုံသောအိမ်ထောင်စု(၁၀)နှင့် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု(၁)အိမ်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၄နှစ်နှင့်အထက် | ၁ | - | ၁ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။ ကျွန်တော်တို့ ကျုံတနီးကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေများတွင် မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို(၆၄)နှစ်အထက် ကျား(၁)ဦးသာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | | | | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | | | | | |
| ၃ | မုန်တိုင်းဒီရေ | | | | | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | ငလျင် | | | | | | |
| ၈ | အပူလှိုင်း | ✓ | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | ✓ | | | | | |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | | | |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | | | |
| ၁၃ | တောမီးလောင်ခြင်း | | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | | | | | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | | | | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | ✓ | | | | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | | | | | |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | | | |
| ၂၂ | တီဘီရောဂါ | ✓ | | | | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | | |
| ၂၄ | ကပ်ရောဂါ | ✓ | | | | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | | | | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | | | | | |
| ၂၇ | လူကုန်ကူးခြင်း | | | | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | ✓ | | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

